# ဗိုလ်ချုပ်ကြီး စောဘိုမြ၏ အထုပ္ပတ္တိအကျဉ်း

မွေးသက္ကရာဇ်။ ။ (၁၉၂၇) ခုနှစ်၊ ဇန်နဝါရီ (၂၀) ရက်နေ့။

မွေးရပ်ဇာတိ။ ။ ထီးမူးခီးကျေးရွာ၊ ဖာပွန်ခရိုင်။

မိဘအမည်။ ။ စောဂယ် + နော်ဒါးဆဲ။

ကိုးကွယ်သည့်ဘာသာ။ ။ ခရစ်ယာန်။

ညီအစ်ကိုမောင်နှမ။ ။ (၁၂) ယောက်မှာ (၁၀) ယောက်မြောက်သား။
အမျိုးသမီး (၈) ယောက်နှင့် ယောက်ျားလေး (၄) ယောက်ဖြစ်သည်။ ၎င်းတို့မှာ –

| | |
|---|---|
| (၁)နော်ကပ်နာ၊ | (၂) နော်လူအား၊ |
| (၃) နော်ဘူးကြူ၊ | (၄) စောလှမူး၊ |
| (၅) စောပွယ်ယူမူ၊ | (၆) နော်ဘုစေး၊ |
| (၇) နော်ကလယ်ဂေ၊ | (၈) နော်ဃီဃူ၊ |
| (၉) နော်ဘလယ်ယီ၊ | (၁၀) စောဘိုမြ၊ |
| (၁၁) စောအော်ကွက်မူး၊ | (၁၂) နော်ယပ်မူး။ |

ပညာအရည်အချင်း။ ။ ၁၉၃၆ ခုနှစ်၊ အသက် (၁၀) နှစ်နီးပါးမှာ ဖာပွန်မြို့မှာ ကျောင်းစနေပြီး ၁၉၄၂ ခုနှစ်တွင် ကျောင်းထွက်တာနဲ့ စစ်ထဲဝင်။

အမှုထမ်းကာလ။ ။ ဂျပန်ခေတ်တွင် ဂျပန်ပုလိပ်အဖြစ် အမှုထမ်း။ အင်္ဂလိပ်ခေတ်တွင် F(၁၃၆) တပ်ဖွဲ့သို့ ဝင်ခဲ့သည်။

– ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် UMP (Union Malitary Police) တပ်ဖွဲ့ထဲသို့ ဝင်ခဲ့သည်။

စစ်ပွဲအတွေ့အကြုံ။ ။ ၁၉၄၉ ခုနှစ် ကရင်တော်လှန်ရေးစတင်ချိန်၊ ညောင်လေးပင်တိုက်ပွဲတွင် တပ်ကြပ်အဖြစ် ပါဝင်သည်။

- ၁၉၄၉ ခုနှစ် သံလွင်တပ်ရင်းဖွဲ့စည်းသောအခါ တပ်ကြပ်ကြီးအဖြစ် ရွေးချယ်ခံရသည်။
- ၁၉၅၀ ခုနှစ်တွင် တပ်ခွဲမှူးဖြစ်လာသည်။
- ၁၉၅၆ ခုနှစ် သံလွင်တပ်ရင်းတွင် တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းစဉ် ဒုတိယလမ်းစဉ် ချမှတ်ပြီး KNUP ကေအဲန်ယူပါတီ ဖွဲ့စည်းပြီး KPLA ကရင်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လည်း ဖွဲ့စည်းခဲ့သည်။
- ထိုနှစ်မှာပင် KPLA တပ်ရင်း (၁) ဖာပွန်၊ ဖားအံ၊ ဒူးပလာယာတွင် တပ်ရင်းမှူးဖြစ်လာသည်။

- ၁၉၅၈ ခုနှစ်တွင် ဇုံမှူး (Zone Commander) ဖြစ်လာပြီးနောက် ဗိုလ်မှူး (Major) ဖြစ်လာခဲ့သည်။
- ၁၉၆၃ ခုနှစ် KRC နှင့် KNUP ကွဲပြားချိန်တွင် မန်းဘဇန်ခေါင်းဆောင်သော KNUP အပေါ် ရပ်တည်ခဲ့သည်။
- ၁၉၆၃ ခုနှစ်တွင် KNUP ဗဟိုကော်မတီဝင် ဖြစ်လာပြီး စစ်ရေးမှာလည်း စစ်တိုင်းမှူးဖြစ်လာသည်။
- စစ်ရာထူးမှာ ဗိုလ်မှူးချုပ်ဖြစ်သည်။
- ၁၉၆၅ ခုနှစ်တွင် KNUP မှ ခွဲထွက်သည်။
- ၁၉၆၆ မတ်လတွင် KNLC ကရင်အမျိုးသားလွတ်မြောက်ရေးကောင်စီကို သူကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းသည်။
- ကောင်စီဥက္ကဋ္ဌနှင့် စစ်ဘက်တွင် စစ်ဦးစီးချုပ် (GOC) ဖြစ်ဆောင်ရွက်သည်။
- ၁၉၆၈ ခုနှစ်တွင် ကရင်အမျိုးသားများ စည်းလုံးညီညွတ်ရေးပြန်လည်တည်ဆောက်ရန် KNUP ဥက္ကဋ္ဌ မန်းဘဇန်နှင့်တွေ့ဆုံပြီး မန်းဘဇန်မှ KNUP ဥက္ကဋ္ဌမှ နှုတ်ထွက်ရန်နှင့် KNLC ကိုလည်း ဖျက်သိမ်းပြီး ပူးပေါင်းဆောင်ရွက်ရန် သဘောတူသည်။
- ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးတပ်ဦး (KNUF) ကို ဖွဲ့စည်း၊ မန်းဘဇန် ဥက္ကဋ္ဌ၊ စောဘိုမြက ဒုဥက္ကဋ္ဌနှင့် GOC ကို တာဝန်ယူ။
- KNUF ကို ၁၉၆၉ ခုနှစ်တွင် ဖျက်သိမ်းပြီး KNU မူလမိခင်အစည်းအရုံးကို ဖွဲ့စည်းသည်။
- ၁၉၇၅ ခုနှစ် ဖြတ်လေးဖြတ်စစ်ဆင်ရေးကြောင့် **ပဲခူးရိုးမတော်လှန်ရေးအခြေခံစခန်း** ပြိုလဲသည်။
- အရှေ့တိုင်းကို ရောက်ရှိလာပြီး KNUP ကို ဗိုလ်ချုပ်မြမောင် ဦးဆောင်သည်။
- KNUP ကို ဖျက်သိမ်းပြီး KNU အောက်တွင် ပြန်လည်ပေါင်းစည်းသည်။
- ၁၉၇၆ ခုနှစ်တွင် တော်လှန်ရေးဖြစ်ပေါ်တိုးတက်လာပြီး အရေးပေါ်ဗဟိုကော်မတီ အစည်းအဝေးကျင်းပသည်။ ဤအစည်းအဝေးတွင် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ဗိုလ်ချုပ်မြကို ဥက္ကဋ္ဌ တင်မြောက်သည်။
- မန်းဘဇန်ကိုမူ အသက်ကြီးရင့်လာကာ ကျန်းမာရေးမကောင်းမွန်သောကြောင့် အနားယူ၊ ခွင့်ပန်ပြီး ထိုအစည်းအဝေးတွင် KNU နာယကကြီးအဖြစ် တင်မြောက်သည်။
- စောဘိုမြမှ ၁၉၇၆ ခုနှစ်မှ ၂၀၀၀ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၇၇ မှ ၁၉၈၇ ထိ NDF ဥက္ကဋ္ဌ။
- NCUB နှင့် DAB ၁၉၉၁ မှ ၂၀၀၄ ခုနှစ်ထိ ဥက္ကဋ္ဌ၊ ၂၀၀၄ မှ ၂၀၀၆ ထိ နာယကကြီး။
- လက်နက်ကိုင်တော်လှန်ရေးကို အနှစ် (၅၀) ကျော် ဆင်နွှဲခဲ့သူဖြစ်သည်။
- KNU ဥက္ကဋ္ဌ၊ စစ်ရေးတွင် ကာကွယ်ရေးဌာနမှူး၊ စစ်ရာထူးဗိုလ်ချုပ်မှူးကြီးလည်း ဖြစ်သည်။
- ကရင့်တော်လှန်ရေးမှ **တော်လှန်ရေး အနှစ် (၅၀) ရွှေတံဆိပ်ဆု** ဂုဏ်ပြုခြင်းခံရသည်။

- ၁၉၆၂ နိုင်ဝင်ဘာလတွင် ဆရာမ လားဖိုးနှင့် လက်ထပ်ပြီး သားသမီး (၇) ဦးထွန်းကားသည်။
  (၁) စောနေကော်၊
  (၂) စောနယ်ဒါး၊
  (၃) နော်အဲလစ်၊
  (၄) မိစိုး၊
  (၅) မော်တူးလူး၊
  (၆) စောဂေကော် (သို့) မောင်တေးလေး (သို့) စောနေစိုး၊
  (၇) နော်ဂျဲ။

| | |
|---|---|
| DAB | -Democratic Alliance of Burma |
| DIA | -Burma Independent |
| DKBA | -Development Karen Buddhist Army |
| GHQ | -General Headquarters |
| GOC | -General Officer Commanding |
| IPC | -Interim Program Committee |
| KAF | -Karen Army Force |
| KNDO | -Karen National Defense Army |
| KNLA | -Karen National Liberation Army |
| KNLC | -Karen National Liberation Council |
| KNU | -Karen National Union |
| KNUF | -Karen National United Front |
| KNUP | -Karen National United Party |
| KPLA | -Karen People Liberation Army |
| KPGF | -Karen People Guerrilla Force |
| KRC | -Karen Revolution Council |
| NCUB | -National Council of the Union of Burma |
| NDF | - National Democratic Front |
| UMP | -Union Military Police |

**စာရေးသူအမည် – စောရှိုးလေ**